**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှ နောက်ဆုံးရသတင်း**

**ဇူလိုင်လ ( ၃) ရက်နေ့ ၂၀၁၅**

**ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံ တွင် ဗမာစစ်တပ်မှရိုက်နှက်မှုနှင့်အမြောက်တို့ပစ်ခတ်မှုတို့ကြောင့်အရပ်သူ/သားများထိခိုက်ဒဏ်ရာရ**

**၁။ ဗမာစစ်တပ်မှ လက်နက်ကြီးနှင့် ပစ်ခတ်ခြင်းကြောင့် အမျိုးသမီးကြီးတစ်ဦးဒဏ်ရာရ**

ဇွန်လ ၁၉ရက် ၂၀၁၅ ခုနှစ် တွင်ဗမာစစ်တပ်၏ မဆင်မခြင် အမြောက်ပစ်ခတ်မှုများကြောင့် ပင်လုံမြောက်ဘက်ရှိဒေသခံအမျိုးသမီးတစ်ဦး သူမ၏တောင်ယာသို့ အသွားတွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အောက်ဖော်ပြပါ စစ်ပွဲသည် ဇွန်လ (၁၈) ရက်နေ့ကစ၍ ပင်လုံမြို့နယ်မြောက်ပိုင်းတွင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ( RCSS/SSA ) နှင့် ဗမာအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။



ဇွန်လ (၁၉) ရက်နေ့တွင် ဗမာစစ်တပ် (ခလရ) ၂၄၉ နှင့် (ခလရ) ၅၁၃ တို့သည် (ဟိုနမ့်ခုတ် မှ ဖါဆေ နှင့် ဝမ်မိုင်လင်လိန်၊ တန့်အယ် (တတ်အေ) ရွာ ပင်လုံမြို့နယ် ကို (၆ဂ မမ) အမြောက် တို့ဖြင့်ပစ်ခတ်ခဲ့သည်။အမြောက်ဆံပေါက်ကွဲသံကြောင့်၊ ဒေသခံ အသက် ၃၈ နှစ်ရှိ အမျိုးသမီးကြီး ပါဆိုင် (ဒေါ်ဆိုင်) သည် ဝမ်မိုင်လင်လိန်ရွာနှင့် ၂ မိုင်လောက်ဝေးကွာသော လယ်ယာထဲ အလုပ်လုပ်နေသူ တူလေး၏ ဘေးအန္တရာယ်အတွက်စိုးရိမ်နေသည်။ ထို့ကြောင့် သူမ သည် တူလေး ကိုသွားရောက် ခေါ်ရန်အသွား လမ်းတွင် အမြောက်ဆံတို့မှာ သူမ၏ အနီး၌ကျသဖြင့် သူမ၏ဝမ်းဗိုက်တွင်ပြင်း ထန်စွာ ထိခိုက် ဒဏ်ရာရခဲ့သည်။



ပါဆိုင်(ဒေါ်ဆိုင်) ဝမ်းဗိုက်ထဲမှ အမြောက်ဆံ အစအန

ပါဆိုင်(ဒေါ်ဆိုင်)သည်သူမ၏ဒဏ်ရာကိုသွေးတိတ်စေရန်မိမိဘာသာအဝတ်စဖြင့်ပတ်စည်းခဲ့ပြီးလာရာလမ်းအတိုင်းကြိုးစားပြီးအိမ်ပြန်ခဲ့သည်။ဒေသခံ သူနာပြု မှာ ပါ့ဆာ (ဒေါ်ဆာ) ၏ ဝမ်းဗိုက်မှ ဗုံးကျည်စတွေကိုခွဲစိတ်၊ချုပ်ပေးခဲ့သည်။ သို့ရာတွင် ဒဏ်ရာမှာ အတွင်းနက်သဖြင့် ပါဆိုင်( ဒေါ်ဆိုင်) ကိုလွိုင်လင်ဆေးရုံသို့ဆက်လျှက်ပို့ဆောင်ခဲ့သည်။



ဒေသခံသူနာပြုမှ ပါဆိုင်(ဒေါ်ဆိုင်) ၏ဝမ်းဗိုက်ထဲမှအမြောက်ဆံစ ကိုထုတ်

ဗမာစစ်တပ် နှင့်အစိုးရဘက်မှ မည်သူ တစ်ဦးတစ်ယောက်မှ ဗုံး၊အမြောက်ပစ်ခတ်မှု ဖြစ်စဉ်အားလုံးအပေါ် လာရောက်စစ်ဆေးခြင်း တာဝန်ယူဆောင်ရွက်ခြင်းမရှိခဲ့ပါ။(ခလရ) ၂၄၉ နှင့် (ခလရ) ၅၁၃တို့မှာခြေလျှင်တပ်တပ်မ(၅၅)၏လက်အောက်ဖြစ်ပြီးရှမ်းပြည်တောင်ပိုင်းကလောတွင်အခြေစိုက်ထားသည် ။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ( RCSS /SSA )နှင့် ဗမာအစိုးရ တို့မှာ ဒီဇင်ဘာလ ၂၀၁၁ ခုနှစ်ကတည်းကအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့်

အမျိုးသားငြိမ်ချမ်းရေးနှင့် ရင်ကြားစေ့ရေး“Deed of Commitment for National Peace and Reconciliation” တို့ကို သံမ္မတ ဦးသိန်းစိန် နေပြည်တော်မှာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ၂၀၁၅ မှာလက်မှတ်ရေးထိုးခဲ့ကြသည်။

၂။ သူအိုရွာသားတစ်ဦးအားဗမာစစ်တပ်မှရိုက်နက်

ဇွန်လ ၂၁ ရက် ၂၀၁၅ ခုနှစ်ည ၈ နာရီခွဲအချိန်ခန့်တွင်ဗမာစစ်တပ် ခလရ ၅၁၃ မှစစ်သား ၂၀ဦးသည် ပင်လုံမြို့ နယ်ရှိ ဖာဆေ ရွာနယ်မြေ၊ ဂမ်လုံနားဆန် တွင်ဂင်ရောက်လာခဲ့သည်။ အသံလာရာကို ရွာအစွန်တွင်နေထိုင်သော လုံးညွှန့်(ဦးညွှန့်) အသက်( ၅၀နှစ်) မှကြားပြီး

ခါတ်မီးဖြင့်အသံလာရာဆီသို့ထိုးကြည့် ပြီးတွေ့ ရှိခဲ့သည်။ ထိုကြောင့် စစ်သားများက လုံးညွှန့်အားသေနတ်ဒင်ဖြင့်ရိုက်နှက်ခဲ့ခြင်းကြောင့် သူ၏ဘယ်ဘက်ပါးတွင် ဒဏ်ရာရရှိခဲ့သည်။ သူ၏ ပြောပြချက်များအရ စစ်သားများက အပြစ်မဲ့ရွာသားသူ့ကို ရိုက်နှက်ပြီး ၂မိုင်ဝေးသောအခြားရွာသို့ ခေါ်ဆောင်သွားသည်။ သူ့ ဒဏ်ရာအားချုပ်ပေးခဲ့သည်။ ပြီးနောက် ညအမှောင်ထဲရွာသို့ တစ်ယောက်တည်း ပြန်စေခဲ့သည်။ လုံးညွှန့်(ဦးညွှန့်) သည် လယ်သမားတစ်ဦးဖြစ်ပြီး သူ့သားနှင့်နေထိုင်သူဖြစ်ပြီး ထိုနေ့တွင်သူ့သားမှာ သူများကျွဲ၊နွားများအား သွားရောက်ကြည့်ရှုပေးနေခြင်းကြောင့် လုံးညွှန့်(ဦးညွှန့်) အား တစ်ယောက်တည်း ထားခဲ့ခြင်းဖြစ်သည်။



ရွာစွန်က လုံးညွှန့်(ဦးညွှန့်) တို့ သားအဖ အိမ်


အသေးစိတ်သိလိုပါကဆက်သွယ်ရန်လိပ်စာ

ဝပ်(ဗ်)ဆိုက် www.shanhumanrights.org

ဆက်သွယ်ရန် shanhumanrights@gmail.com

စိုင်းပော်ရှဲန် ဖုန်း (၀) ၉၃-၂၆၄-၉၄၈၇ ( ရှမ်း၊အင်္ဂလိပ် )

စိုင်းခွန်းမိုင် ဖုန်း (၀) ၉၄-၆၃၈၆-၇၅၉ ( မြန်မာ၊အင်္ဂလိပ် )

ရုံးဖုန်း ဖုန်း (၀) ၉၃-၂၉၇-၇၇၅၄